

ELPA21
English Language Proficiency
Assessment for the 21st Century



# ELPA21 မိဘများအတွက် သတင်းအချက်အလက်

ချစ်လှစွာသော မိဘ/အုပ်ထိန်းသူများ၊

ဖေဖော်ဝါရီ ၁၃ နှင့် မတ်လ ၉ ရက်အတွင်းတွင် သင်တို့ ၏ကျောင်းသားများသည် ELPA21® ဟု လူသိများသော ၂၁ ရာစု အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု စာမေးပွဲကြီး (English Language Proficiency Assessment for the 21st Century) ကို ဖြေဆိုရပါမည်။

ELPA21 သည် ကွန်ပျူတာဖြင့်ဖြေဆိုရသော စာမေးပွဲကြီးတစ်ခုဖြစ်ပြီး အင်္ဂလိပ်ဘာသာ သင်ယူနေသူများသည် သူငယ်တန်းမှ ၁၂ တန်းပညာရေးနှင့် ကောလိပ်မှ အသက်မွေး ဝမ်းကြောင်း အဆင်သင့်ဖြစ်ရေးတို့ အထိ တိုးတက်သင်ယူသွားစဉ် သူတို့ ၏လုပ်ဆောင် မှုကို တိုင်းတာနိုင်ရန် ရည်ရွယ်လုပ်ဆောင်ထားခြင်းဖြစ်သည်။ ELPA21 တွင်ပါသော အကြောင်းအရာများသည် ကျောင်းသားများ အင်္ဂလိပ်ဘာသာစကားကျွမ်းကျင်မှု (ELP) စံနှုန်းနှင့် ပြည့်မီမှုရှိကြောင်း သို့ မဟုတ် ပြည့်မီရန်တိုးတက်နေကြောင်းဆိုင်ရာ သက်သေ သာဓကတို့ ကို စုစည်းဖို့ ရည်ရွယ်လုပ်ဆောင်ထားပါသည်။ ဤစံနှုန်းများသည် ဘာသာ စကား၏ခက်ခဲမှုကို မီးမောင်းထိုး ဖွင့်ဆိုပြခြင်း၊ ဘာသာစကားဆိုင်ရာ အသိပညာနှင့် ဘာသာစကားအသုံးပြုမှုအရည်အသွေးများဆိုင်ရာ ကဏ္ဍအားလုံးတို့ ပါဝင်သည်။

ELPA21 မှရရှိသော သတင်းအချက်အလက်များသည် ဆရာ၊ ဆရာမများအား ကျောင်းသားတစ်ဦး၏ အားသားချက်၊ အလေးထားကာ ထပ်ဆင့်ကူညီပေးရမည့် အချက်အလက်များကို သိရှိအောင်ကူညီပေးသည်။ စာမေးပွဲကြီးမှရရှိသောအချက်အလက်များက ဆရာ၊ ဆရာမများကို ဆုံးဖြတ်ချက်ကောင်းများ ချနိုင်အောင် ကူညီပေးပြီး သူတို့ ၏သွန်သင်မှုများကို ပြန်လေ့လာ၍ တိုးတက်ကောင်းမွန်အောင် ပြုပြင်နိုင်စေသည်။

**ELPA21 စာမေးပွဲကြီး၏ အကျိုးကျေးဇူးများ**

- နားထောင်၊ စကားပြော၊ စာဖတ်နှင့် စာရေးကဏ္ဍတို့ တွင် ဘာသာစကား ဆိုင်ရာတိုးတက်မှု အရည်အချင်းကို တိုင်းတာခြင်း၊ ထိုဘာသာရပ်များတွင် အားနည်းချက်၊ အားသာချက်တို့ ကို သိရှိအောင်ပိုင်းခြားခြင်း
- ပုံမှန်တိုင်းတာသည့်စံနှုန်းဖြင့် တစ်နှစ်ပြီး တစ်နှစ် တိုးတက်မှုကို စစ်ဆေးတိုင်တာခြင်း
- ခရိုင်နှင့် တစ်နိုင်ငံလုံးတွင်ရှိသော အခြားကျောင်းသားများနှင့်ယှဉ်၍ လုပ်ဆောင်နိုင်မှုစွမ်းရည်ကို စစ်ဆေးတိုင်းတာခြင်း

အီးအဲလ်အဲလ် (ELL) ဝန်ဆောင်မှုကို စွန့် လွှတ်ဖို့ ရွေးချယ်ခဲ့သော မိဘများ၏ကျောင်းသားများအပါအဝင် အိုက်အိုဝါပြည်နယ်တွေရှိ သော အီးအဲလ်အဲလ်ကျောင်းသားများအားလုံးသည် ELPA21 ကို နှစ်စဉ်ဖြေဆိုရပါမည်။ ဤစာမေးပွဲကြီးမှ ရမှတ်များသည် ပညာရေးလမ်းကြောင်းတွင် နောက်ထပ်ခြေလှမ်းများလျှောက်လှမ်းနိုင်ရန်အတွက် သင့်ကျောင်းသားကို ကူညီပြင်ဆင်ပေးသည်။

ELPA21 နှင့်ပတ်သက်၍ သင့်တွင် မေးစရာများရှိပါက သင့်ကျောင်းမှ အီးအဲလ်အဲလ်ဆရာ၊ ဆရာမကို ကျေးဇူးပြု၍ ဆက်သွယ်ပါ။

DesMoines PUBLIC SCHOOLS
Think. Learn. Grow.